# အိမ်သုံးလျှပ်စစ်ပစ္စည်းများ သုံးစွဲမှုအန္တရာယ်ကင်းဝေးရလေအောင် (၃)

အိမ်သုံးလျှပ်စစ်ပစ္စည်း **Breaker** သုံးစွဲမှုနှင့် ပတ်သက်၍ အန္တရာယ်ကင်းဝေးနိုင်ရန်နှင့် ပစ္စည်းများဝယ်ယူသုံးစွဲရာတွင် စားသုံးသူများဘက်မှ နစ်နာမှုမရှိစေရန် အရည်အသွေးမီပစ္စည်းများ ဝယ်ယူအသုံးပြုနိုင်ရေးအတွက် စားသုံးသူတိုင်း သိထားသင့်သော **Breaker** လျှပ်စစ်ဆိုင်ရာ အခြေခံအချက်အလက်များကို တင်ပြလိုပါတယ်။ စားသုံးသူတို့အိမ်မှာ လျှပ်စစ်အန္တရာယ်ကို ကာကွယ်ပေးသော အဓိကကာကွယ်ရေးတပ်သားများမှာ **Single pole & Double pole Breaker** များပဲဖြစ်ပါတယ်။ **Single pole Breaker** များကို မီးခလုတ်သေတ္တာအတွင်း ဘားတန်းများပေါ်တွင် ညှပ်ကလစ်ကိုမ၍ထည့်သွင်းအသုံးပြုကြပါတယ်။ **Double pole Breaker** (၂ လမ်း ဖြတ်ခလုတ်)များကို သစ်သားခုံ၊ ပလပ်စတစ်ခံတွင် တပ်ဆင်ရသော **Breaker** များနှင့် သေတ္တာအတွင်း ထည့်သွင်း၍ ဘားတန်းတွင် ညှပ်သွင်းရသော **Breaker** များအဖြစ် မိမိတို့နိုင်ငံတွင် အများဆုံးအသုံးပြုကြသည်ကို တွေ့ရှိရပါတယ်။ **Breaker** ပေါ်တွင် ရေးမှတ်ထားသော အမ်ပီယာအလိုက် **Breaker** အတွင်း စက်မှုနည်းပညာနှင့် လျှပ်စစ်နည်းပညာဖြစ်သော **Thermal or Thermal magnetic** နည်းပညာများ ပေါင်းစပ်ပြုလုပ်ထားသဖြင့် ဓါတ်လိုက်မှုနှင့် မီးလောင်မှုအန္တရာယ်များမှ ကာကွယ်ရန်အတွက် ပတ်လမ်းအတွင်း လျှပ်စီးမှုမမှန်သောအခါ၊ ဓါတ်အားယိုစီးသောအခါနှင့် မြေဓါတ်ကျအပြစ် ဖြစ်သောအခါများတွင် အလွန်လျှင်မြန်စွာ ဖြတ်တောက်နိုင်သောကြောင့် ပိုမိုစိတ်ချရပါတယ်။ **ELCB (Eearth Leakage Circuit Breaker), RCCB (Resisdual Current Circuit Breaker) R.C.D (Resisdual Curreat Device), M.C.C.B (Mould Case Circuit Breaker)** များသည် ခေတ်မီပတ်လမ်းဖြတ်ခလုတ်များ ဖြစ်ကြပါတယ်။ စားသုံးသူတို့အိမ်တွင် မီးလောင်မှုအဖြစ်များဆုံး အကြောင်းအရာတစ်ခုဖြစ်တဲ့ ဝိုင်ယာရှော့ကို M.C.B Breaker ဖြင့် ကာကွယ်လို့ရပြီး အန္တရာယ်ဖြစ်စေနိုင်သော ဓါတ်လိုက်ခြင်းကို RCCB Breaker ဖြင့် ကာကွယ်လို့ရပါတယ်။ တွက်ချက်တပ်ဆင်ထားသော M.C.B Breaker တစ်လုံးအား ဝါယာကြိုးများ ဆွေးမြေ့ပေါက်ပြဲခြင်း၊ ဝါယာကြိုးပူးခြင်းကြောင့်ဖြစ်သော ဝါယာရှော့နှင့် ခံနိုင်ဝန်ထက် ပိုမိုသုံးစွဲသော ဝါယာကြိုးများတွင် ဖြစ်ပေါ်သည့် အပူလွန်ကဲ၊ မီးလောင်ခြင်းကို ထိရောက်စွာကာကွယ်ပေးပါတယ်။ အချို့သော M.C.B Breaker များသည် Short Circuit (ပတ်လမ်းတို)ကို မဖြတ်ချဘဲ ဈေးကွက်တွင် ရောင်းချနေကြောင်း တွေ့ရှိရပါတယ်။ ၎င်းထက် ပိုမိုကောင်းမွန်သော RCCB ဟုခေါ်သော Residual Current Circuit Breaker များကို ဝယ်ယူတပ်ဆင်နိုင်ပါက ပိုမိုကောင်းမွန်မည်ဖြစ်ပါတယ်။ လူဓါတ်လိုက်ခြင်းကို ကာကွယ်ပေးတဲ့ RCCB Breaker ဟာ လူကို အန္တရာယ်ဖြစ်စေနိုင်လောက်တဲ့ ဓါတ်လိုက်ခြင်းမဖြစ်ပေါ်ခင် လျှပ်စီးပတ်လမ်းကို ဖြတ်တောက်ပေးသော Circuit Breaker ဖြစ်ပါတယ်။ ဓါတ်လိုက်ခြင်းကို အကောင်းဆုံးကာကွယ်ပေးသော ပစ္စည်းဖြစ်တာကြောင့် အိမ်တိုင်းတွင် လူနှင့်ထိတွေ့အသုံးပြုရသော လျှပ်စစ်ပစ္စည်းများဖြစ်သည့် ရေချိုးခန်း

သုံး ရေပူပေးစက်၊ ရေမော်တာ၊ မီးဖိုချောင်တွင် အသုံးပြုသော လျှပ်စစ်မီးဖိုတို့တွင်လည်း မဖြစ်မနေတပ်ဆင်သင့်ပါတယ်။ RCCB ၏ ထူးခြားချက်မှာ Short Circuit (ပတ်လမ်းတို)တွေကိုဖြုတ်ချပေးရုံမျှသာမက အခြားလုပ်ဆောင်မှုတစ်ခုကတော့ လူကိုဓါတ်လိုက်လျှင် ၁ စက္ကန့်၊ ၂ စက္ကန့်အတွင်း ဖြုတ်ချပေးပြီး လူအသက်ကိုဘေးကင်းလုံခြုံမှုဖြစ်စေပါတယ်။ ယိုစိမ့်လျှပ်စီး (Leakage Current)ဟာ 0.005 A လောက်ဆိုလျှင် လူကိုနာကျင်စေပြီး 0.03 Amp ကျော်လျှင် သေစေနိုင်ပါတယ်။ ၄င်း RCC Breaker မှာ 0.03 Amp မရောက်ခင်ဖြုတ်ချပါတယ်။ အနည်းငယ်နာကျင်ရုံကလွဲလို့ လူကိုမသေစေနိုင်ပါ။ Monthly Test ပြုလုပ်ရမှာဖြစ်ပြီး Bar test ခလုတ်ကို နှိပ်လျှင် Colour Sing ပြပါတယ်။ White Sign ပြရင်တော့ ကောင်းမွန်မှုရှိပြီး Short Circuit ဆိုလျှင် ဖြုတ်ချမည်ဖြစ်ပါတယ်။ ဓါတ်လိုက်လျှင် မဖြုတ်တော့သည့် Breaker များအား အသစ်လဲလှယ်ပေးသင့်ပါတယ်။ အချုပ်ဆိုရသော် လူအများဓါတ်လိုက်မှုမှ ကင်းဝေးစေရန် အမျိုးအစားကောင်းသော M.C.B Breaker များနှင့် RCCB Breaker များကိုသာ စားသုံးသူတို့နေအိမ်တွင် တပ်ဆင်အသုံးပြုသင့်ပါကြောင်း တင်ပြရခြင်းဖြစ်ပါတယ်။

TTZ (သတင်းနည်းပညာ/အရည်အသွေး)